Burmese | မြန်မာ

# စိတ်ကျန်းမာရေး NDIS ရရှိရေး ပံ့ပိုးမှု (ဗစ်တိုးရီးယား)

## NDIS လျှောက်လွှာတင်ခြင်းအတွက် အထောက်အကူပြု ပံ့ပိုးနည်း

နိုင်ငံလုံးဆိုင်ရာ မသန်မစွမ်း အာမခံ အစီစဉ် (The National Disability Insurance Scheme (NDIS)) သည် မသန်စွမ်းသူများကို ကူညီပေးနေပြီး၊ စိတ်ကျန်းမာရေးပြဿနာ ပြင်းထန်စွာ ခံစားနေရသူများလည်း ပါဝင်ပါသည်။ NDIS သည် နေ့စဉ် လှုပ်ရှားဆောင်ရွက်မှုများနှင့် လူမှုအသိုင်းအဝိုင်းနှင့်ချိတ်ဆက်ခြင်းတို့ဖြင့် ပံ့ပိုးပေးပါသည်။

စိတ်ကျန်းမာရေး NDIS ရရှိရေး ပံ့ပိုးမှုသည် စိတ်ပိုင်းလူမှုရေးရာပိုင်း ချို့တဲ့သည့်လူကြီးများအား NDIS ကို လေ့လာရာတွင် ကူညီပေးသည်။ ကျွန်ုပ်တို့သည် သင်၊ သင့်မိသားစု၊ စောင့်ရှောက်သူများနှင့် ကျန်းမာရေးဌာနများနှင့်အတူ ပူးပေါင်းဆောင်ရွက်ပြီး လုပ်ငန်းစဉ်အား ပိုမိုရှင်းလင်းလွယ်ကူစွာ ရယူသုံးစွဲရန်နှင့် ပိုမိုစီမံခန့်ခွဲနိုင်ရန် ဆောင်ရွက်ပေးပါသည်။

### ကျွန်ုပ်တို့၏ ပံ့ပိုးမှုတွင် အောက်ပါတို့ပါဝင်သည်-

- NDIS ရယူရန် တောင်းခံမှုများအတွက် အထောက်အထားများနှင့် မည်သူမည်ဝါဖြစ်ကြောင်းစာရွက်စာတမ်းများကို စုဆောင်းခြင်း
- အထွေထွေရောဂါကုဆရာဝန်များ (GPs) နှင့် ပုဂ္ဂလိက စိတ်ရောဂါကုဆရာဝန်များ (သဘောတူညီချက်ဖြင့်) အပါအဝင် ကျန်းမာရေးဌာနများနှင့် ဆက်သွယ်ဆောင်ရွက်ပေးခြင်း
- NDIS နှင့်သက်ဆိုင်သည့် မေးခွန်းများအတွက် ဆက်သွယ်ရမည့်သူအဖြစ် လုပ်ဆောင်ခြင်း
- အချိန်မီ ဆုံးဖြတ်ချက်ချမှတ်ခြင်းအတွက် အထောက်အကူပြုရန် NDIS က လိုအပ်နိုင်သော ထပ်ဆောင်း အထောက်အထားများကို ကောက်ယူစုစည်းပေးခြင်း
- ဒေသခံ ညှိနှိုင်းရေးမှူး (Local Area Coordinator (LAC)) လုပ်ငန်းများမှတစ်ဆင့် လူမှုအသိုင်းအဝိုင်း ချိတ်ဆက်မှု စည်းဝေးပွဲများသို့ တက်ရောက်ရန် ပံ့ပိုးပေးခြင်း (ဖုန်း သို့မဟုတ် အွန်လိုင်းဖြင့်)
- လျှောက်လွှာအခြေအနေနှင့်ပတ်သက်၍ NDIS သို့မဟုတ် LACs အား ဆက်သွယ်မေးမြန်းခြင်း
- ပြန်လည်သုံးသပ်မှုများ တောင်းခံရာတွင် လမ်းညွှန်ပေးခြင်းနှင့် NDIS ဆုံးဖြတ်ချက်များအား အယူခံတင်သွင်းရန်အတွက် အထူးပညာရှင်များနှင့် ချိတ်ဆက်ရာ၌ ပံ့ပိုးပေးခြင်း
- စိတ်ပိုင်းလူမှုရေးရာပိုင်း ချို့တဲ့သူများအတွက် NDIS ရထိုက်ခွင့် သတ်မှတ်ချက် ပြန်လည်စိစစ်ရေးများကို ကူညီပေးခြင်း။

### ရနိုင်ခွင့် သတ်မှတ်ချက်များ

- အသက် ၆၅ နှစ်အောက်လူကြီး
- ပြင်းထန်သည့် စိတ်ရောဂါဖြင့်နေထိုင်ရသူ
- စိတ်ရောဂါဖြင့် ၂ နှစ်ကျော်ကြာ ရောဂါဖော်ထုတ်ခံရသူ
- စိတ်ပိုင်းလူမှုရေးရာပိုင်း ချို့တဲ့မှုအရ လျှောက်လွှာတင်သွင်းထားသူ
- လျှောက်လွှာကို အထွေထွေရောဂါကုဆရာဝန် သို့မဟုတ် စိတ်ရောဂါဆရာဝန်က ထောက်ခံထားသူ။

**မှတ်သားရန်**

လက်ရှိ နယ်မြေ စိတ်ကျန်းမာရေးဌာန (Area Mental Health Service) က စီမံကုသပေးနေသူများ မရနိုင်ပါ၊ သို့သော် တစ်လအတွင်း ဆေးကုသမှု ရပ်ဆိုင်းမည့်သူများ ရရှိနိုင်သည်။

### ဤလုပ်ငန်းကို ရယူသုံးစွဲခြင်း

**EACH**

**ဖုန်း** 1300 003 224
**အီးမေးလ်** NDISAccess@each.com.au

**LGAs**

Boroondara, Manningham, Monash, Whitehorse, Knox, Maroondah, Shire of Yarra Ranges, Greater Dandenong, Cardinia, Casey, Banyule, Darebin, Whittlesea and Nillumbik

**ACSO**

**ဖုန်း** 1300 022 760
**အီးမေးလ်** NDISAccess@acso.org.au

**LGAs**

ဗစ်တိုးရီးယားတစ်ဝှမ်းရှိ ရပ်ဝေးနှင့် ဝေးလံခေါင်းပါးရှိ ဒေသခံ အစိုးရနေရာများအားလုံး (LGA)

**Neami National**

**ဖုန်း** 1300 379 462
**အီးမေးလ်** intake@neaminational.org.au

**LGAs**

Bayside, Glen Eira, Kingston, Port Phillip, Stonnington, Frankston, Mornington Peninsula, Melbourne, Moonee Valley, Merri-bek, Yarra, Brimbank, Hume, Maribyrnong, Hobsons Bay, Wyndham and Melton

Interpreter **စကားပြန်အခမဲ့ရနိုင်သည်**



## အဓိက အမှာစကားများ

**အသုံးပြုသူများအတွက် အခမဲ့၊ လက်တွေ့ကျကျ လေးစားစွာဖြင့်ပြုလုပ်ပေးသည့် ပံ့ပိုးမှု**

- နေ့စဥ်ဘဝကို သက်ရောက်မှုရှိသော စိတ်ရောဂါရှိသူများနှင့်အတူတူ လက်တွဲပါမည်။
- NDIS လျှောက်လွှာများဖြင့်ကူညီပေးခြင်း၊ ထောက်ခံပေးမည့်အထောက်အထားများ စုစည်းခြင်း၊ မည်သူမည်ဝါဖြစ်ကြောင်း စာရွက်စာတမ်းများ နှင့် ကျန်းမာရေး အတတ်ပညာရှင်များနှင့်ဆက်သွယ်ပြောဆိုပေးခြင်း။
- ရရှိရန် တောင်းဆိုမှုများ၊ ပြန်လည်သုံးသပ်မှုများနှင့် ရထိုက်ခွင့် ပြန်လည်စိစစ်မှုများအတွက် စဥ်ဆက်မပြတ်ပံ့ပိုးပေးသည်။

**ရထိုက်ခွင့်နှင့် ပြန်လည်သုံးသပ်မှုများအတွက် တိုးမြှင့်လုပ်ဆောင်သည့် ပံ့ပိုးမှု**

- NDIS ရရှိရန် တောင်းဆိုမှုများကို သုံးစွဲသူများ နားလည်ရန်နှင့် လျှောက်ရန် ကူညီပေးသည်။
- အသုံးပြုသူများအား ပြန်လည်စိစစ်မှုများ၊ ပြန်လည်သုံးသပ်မှုများနှင့် အယူခံမှုများကို လမ်းညွှန်ပေးသည်။
- ပေါက်ကြားမှုမရှိဘဲ လေးစားမှုဖြင့် ပံ့ပိုးပေးသော နည်းလမ်းများဖြင့် မိသားစုများနှင့် စောင့်ရှောက်သူများအားပါဝင်မှုပေးသည်။

**လွှဲပို့သူများနှင့် ဖက်စပ်လုပ်ကိုင်သူများအတွက် ပူးပေါင်းလုပ်ဆောင်သော ပြည်နယ်လုံးလိုက် ဝန်ဆောင်မှုများ**

- Neami, EACH and ACSO တို့က ပူးပေါင်းလုပ်ကိုင်ပေးပြီး ဗစ်တိုးရီးယားအစိုးရက ရန်ပုံငွေ ထောက်ပံ့ပေးသည်။
- အထွေထွေရောဂါကုဆရာဝန်များ (GPs)၊ ကောင်စီရုံးများ၊ ဒေသခံ နယ်မြေ ညှိနှိုင်းရေးမှူးများနှင့် လူထုအဖွဲ့အစည်းများအတွက် ရှင်းလင်းသော လွှဲပို့ရေးဆိုင်ရာ လမ်းကြောင်းများ။
- NDIS လုပ်ငန်းစဥ်ကို ပိုမိုလွယ်ကူစွာ နားလည်ရန်နှင့် ရယူသုံးစွဲရန်အတွက် ပြုလုပ်ရန် အခြားလုပ်ငန်းဌာနများနှင့်အတူ လုပ်ကိုင်ပေးသည်။

**လူတိုင်းပါဝင်မှုနှင့် ရယူနိုင်မှု**

- ဓလေ့ထုံးတမ်းနှင့် ဘာသာစကား ကျယ်ပြန့်ခြားနားမှုရှိသူများအတွက် အခမဲ့ စကားပြန်များ ရရှိနိုင်ပါသည်။
- လုပ်ငန်းဌာနများမှာ အဘိုရင်ဂျင်နယ်လူမျိုးနှင့် တောရက်စ်ရေလက်ကြားကျွန်းသားလူများအတွက် ဓလေ့ထုံးတမ်းနှင့် ညီညွတ်ပြီး လေးစားမှု ရှိပါသည်။

**လိုအပ်ချက်များစွာရှိသူများကို ဦးစားပေးခြင်း**

- ဆေးဘက်ဆိုင်ရာ စိတ်ရောဂါ ဌာနများသို့ ချိတ်ဆက်မထားသည့် စိတ်ရောဂါရှိသူသူများအတွက် ပုံဖော်ထားသည်။
- နေ့စဥ်ဘဝ အတားအဆီးများ ကြုံတွေ့နေရသူများအပေါ် အလေးပေးလုပ်ဆောင်သည့် ပံ့ပိုးမှု။
- အသုံးပြုသူများ ရှိသည့်နေရာ၌ လုပ်ငန်းဌာနများသည် နားလည်မှုနှင့် ဂရုစိုက်မှုဖြင့် လာရောက်တွေ့ဆုံသည်။

**အသိုင်းအဝိုင်းပြောဆိုသံမှ တစ်ဆင့် စဥ်ဆက်မပြတ် ရန်ပုံငွေချပေးခြင်းအတွက် လှုံ့ဆော်ပေးခြင်း**

- အသိုင်းအဝိုင်းအကြောင်းအရာများနှင့် လွှဲပို့မှုများသည် တောင်းဆိုမှုနှင့် သက်ရောက်မှုကို ပြသရာရောက်ပါသည်။
- ရယူနိုင်မှု၊ လူပုဂ္ဂိုလ် အလေးထားသည့် NDIS ပံ့ပိုးမှု၏ အရေးပါမှုကို အထင်အရှားပြသသည့် ဝန်ဆောင်မှုဆက်လက်ရရှိရေးအတွက် ပြင်းထန်သည့် လှုံ့ဆော်မှု။

Each

australian community support organisation

neami national Improving Mental Health and Wellbeing